# အတောင်ပံတွေရှိခဲ့လျှင်

(က)

မေသည် သက်ပြင်းတစ်ချက်ကို တိုးတိတ်ဖြည်း ညင်းစွာချမိသည်၊ မေ့ဘေးမှာ မေချစ်ခဲ့သော။ မေ့ကို လည်းချစ်ခဲ့သော ထိုယောကျ်ားက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်၊ အိပ်မောကျနေတာများပေါက်တောင်နေသေးသည်၊ မေသည်သူ၏မျက်နှာကို စေ့ စေ့ကြည့်မိသည်၊

သူဟာလူချောတစ်ယောက်၊ အဲဒါ ကြောင့်လည်းမေ သူ၏ကိုအသည်းစွဲခဲ့သည်၊ သူကစကား ပြောအလွန်ကောင်းသောနှုတ်ချိုသူတစ်ယောက်လည်း ဖြစ်ခဲ့သည်၊ အဲဒါကြောင့် မေသူ့ကိုသိပ်ချစ်ခဲ့တာပေါ့၊

သူသည်သူ့ရုပ်ရည်ချောမောလှပမှု။ စကားပြော ကောင်းမွန်မှုတို၏ဖြင့် မေ့နှလုံးသားကို ညို့ယူသိမ်းပိုက်နိုင် စွမ်းခဲ့သူဖြစ်သည်၊ အခုတော့ မေတို၏လက်ထပ်ခဲ့ကြ သည်မှာတစ်နှစ်ကျော်ကြာခဲ့ပြီ၊ သူသည်မေ့ခင်ပွန်း ယောကျ်ားတစ်ယောက်အဖြစ်မေ့ဘေးမှာရှိခဲ့ပြီ၊ သူ့ကို မေသာလျှင်ပိုင်ဆိုင်ပြီး။ မေ့ကိုလည်းသူသာလျှင်ပိုင်ဆိုင် လေသည်၊

သူ၏အလုပ်ကဓာတ်ပုံဆရာတစ်ယောက်ဖြစ်သောကြောင့် မိန်းမချောလေးများစွာနှင့်တရင်းတနှီး ဆက်ဆံပတ်သက်နေရသည်ဖြစ်ရာ မေသည်သူ့ကိုစိတ် မချ။

သဝန်တိုစိတ်ဖြင့်အမြဲတမ်းတထင့်ထင့်ဖြစ်ခဲ့ရသည်ကလွဲလို၏မေတို၏အိမ်ထောင်ရေးမှာပျော်စရာ အတိပြီးလျက်သာယာချမ်းမြေ့ခဲ့ပါသည်။

(ခ)

သူက မေ့ကိုသာလျှင်အချစ်ဆုံး၊ မေကလွဲလျှင် ဘယ်မိန်းကလေးကိုမှ လှတယ်လို့မထင်ကြောင်းအမြဲတမ်းတဖွဖွပြောခဲ့ဖူးသည်၊ ဟုတ်သည်ဖြစ်စေ။ မဟုတ်သည်ဖြစ်စေမေကတော့သူ၏ရဲ့ချိုသာသော အဲဒီပျားရည် စကားတွေထဲမှာ ပျော်ဝင်ခဲ့ရသည်ချည်းပင်။

ဂျနီဖာလိုပက်ဖ်လား။ လှတော့လှပါတယ်ကွာ၊ ဒါပေမဲ့ကိုယ့်မိန်းမလောက်တော့ ဘယ်လှမလဲ.ဟု သူကပြောလျှင် မေသည် တခစ်ခစ်ရယ်မောကာ တကယ်ထင်ခဲ့ ဖူးသည်။ အဲဒီလိုပဲ တခြားဘယ်မိန်းကလေးတွေကို ပဲတွေ့တွေ့ သူကထိုမိန်းကလေးတွေကို စေ့စေ့ကြည့် ပြီးလျှင် ...၊ ကောင်မလေးက မဆိုးပါဘူး၊ လှတော့လှရှာ သားပဲ၊ ဒါပေမဲ့ ခက်တာကကိုယ့်မိန်းမရဲ့အလှကိုမမှီ တာခက်တယ်၊ ကိုယ့်မိန်းမလောက်ဘယ်သူမှ မချော ဘူးကွာ၊.

သူကအဲဒီလို အမြဲတမ်းပြောတတ်သူဖြစ်သည်၊ အဲဒီအခါမျိုးတွေမှာ သူတမင်သက်သက်လိမ်လည် နောက်ပြောင်နေမှန်းသိလျက်နှင့်ပင် မေသည်သဘော အကျကြီးကျမိလေသည်၊ သူ၏အလုပ်က မိန်းမချော။ မိန်းမလှလေးတွေ တရုန်းရုန်းနှင့်ဆိုပေမယ့် သူသည် မေ့အပေါ်မှာအမြဲတမ်းသစ္စာရှိလိမ့်မယ်ဟု မေတထစ်ချ ယုံကြည်ခဲ့သည်။

တခြားမိန်းကလေးတွေဆီ သူစိတ် မရောက်စေရအောင်လည်း မေ့ကိုမေအမြဲတမ်းလှပ ကြော့မော့နေအောင် ပြင်ဆင်ခြယ်သတတ်သည်။

ပြီးလျှင်သူ၏ကိုပြုစုသည့်နေရာမှာလည်း လိုလေသေးမရှိ အောင်အစွမ်းကုန်ပြုစုလေသည်၊ ဗမသည်အချက်အပြုတ် အိမ်ထောင်မှုအထိန်းအသိမ်းမှာ အလွန်ကျွမ်းကျင်နိုင်နင်းသော မိန်းမပီသသူတစ်ဦးဖြစ်ရာ ထိုအချက် ကပင်ယောကျ်ားတစ်ယောက်ကိုယ့်အပေါ်သစ္စာရှိရှိစွဲမြဲ ဖို၏လုံလောက်ခိုင်မာသော အကြောင်းတစ်ချက်ဖြစ်သည် ဟု အမြဲတမ်းယုံကြည်ခဲ့လေသည်။

အဲဒီယုံကြည်ချက်မှာ မေ့ဘာသာမေစိတ်ရှုပေါက်ပြီး စမ်းသပ်ခဲ့မိသော စမ်းသပ်ချက်တစ်ခုမစခင်ကအထိမှန်ကန်ခဲ့လေသည်၊

(ဂ)

တကယ်တော့ ထိုစိတ်ကူးကိုမေသည် ရှုးရှုးနှမ်း နှမ်းဖြင့်ရခဲ့တာဖြစ်သည်။ မေ့အပေါ် တစ်သက်လုံး သစ္စာရှိရှိချစ်ပါမည်၊ မေကလွဲပြီး တခြားဘယ်မိန်း ကလေးကိုမှ စိတ်နဲ့တောင်မပြစ်မှားပါဘူးဟု တဖွဖွ ကတိပေးခဲ့သော မေ့ယောကျ်ားကို အကယ်၍များ မေ့ ကွယ်ရာမှာမိန်းကလေးတစ်ယောက်ယောက်က သူ့ကို

အခွင့်အရေးတွေ ပေးကာဖြားယောင်းချဉ်းကပ်ခဲ့လျှင် သူ မေ့အပေါ်သစ္စာရှိနိုင်ပါတော့မလားဆိုသော သံသယဖြင့်။

သူ၏ကိုစမ်းသပ်ချင်ခဲ့သော ရှူးရှူးနှမ်းနှမ်းစိတ်ကူး တစ်ခုမှ စတင်ခဲ့လေသည်၊ မေသည် ယခုအချိန်ထိ သူ့ရဲ့အချစ်ကိုယုံကြည်သည်။မေ့ကိုဆိုအမြဲတမ်းဖူးဖူး မှုတ်အလိုလိုက်ကာ ရှေ့တန်းတင်လွန်းသောသူ့ရဲ့စရိုက်ကြောင့်မေ့ကွယ်ရာမှာ တခြားမိန်းမတစ်ယောက်ယောက်နှင့်သူ ဘယ်လိုမှသာယာလိမ့်မည်မဟုတ်ဟု တစ်ဖက်ကလည်းယုံကြည်စိတ်ချနေခဲ့သေးသည်၊ သူ့ကိုတစ်ဖက်လှည့်ဖြင့်မေ့အပေါ်တကယ်သစ္စာရှိမရှိစမ်းသပ်မည်ဟု စိတ်ကူးတစ်ခုစတင်လိုက်ရခြင်းသည် တကယ်တော့ မေအရှူးထခြင်းသက်သက်သာဖြစ်ပါသည်။

သို့သော်မေတကယ်အရူးထခဲ့သည်။

(ဃ)

ပထမဆုံး ဆိုင်တစ်ခုနှင့် ဆက်သွယ်ကာ သူ၏ရုံးခန်းလဲဖြစ်။ စတုဒီယိုလည်းဖြစ်သောမြို့ထဲက တိုက်ခန်းလိပ်စာအတိုင်း တစ်ပတ်လျှင် ပန်းစည်းတစ်စီး တစ်လတိတိ အမည်မဖော်ဘဲပို့ပေးခိုင်းဖို့ မေကစီစဉ် လိုက်သည်။

ပထမဆုံးပန်းစည်းသူ့ဆီစပို့ဖြစ်သော နေ့က သူအိမ်ပြန်လာချိန်တွင် သူရဲ့မျက်နှာကိုမေက မသိမသာအကဲခတ်လေသည်။မေ့စိတ်ထဲမှာ သူ့ဆီ တစ်ယောက်ယောက်က ပန်းစည်းပို့တဲ့အကြောင်းကို သူမေ့ကိုရိုးသားစွာဖွင့်ပြောပြလိမ့်မည်ဟုထင်ခဲ့သည်။

သို့သော်သူကဘာမှမပြောချေ၊ ထိုအချိန်ကစပြီးမေ့ရင် ထဲမှာအနည်းငယ်တော့ အောင့်မျက်ခဲ့သည်၊ သူမေ့ကို လျှို့ဝှက်ထားပြီပေါ့လေ၊ ရှိစေတော့၊ဒုတိယအပတ်တွင်လည်း သူ့ဆီနောက်ထပ် ပန်းစည်း တစ်စီး ပို့စေခဲ့ပြန်သည်၊ အဲဒီနေ့ကလည်းသူ့အမူအရာမှာဘာမှ ထူးထူးခြားခြားမပြချေ။

တတိယမြောက်အပတ်တွင်တော့ မေသည်သူလျှို့ဝှက် နေတာကို မခံနိုင်တော့ဘဲ သူ၏ရုံးခန်းဆီသို့အမှတ်မထင် လမ်းကြုံသလိုလိုနှင့် ရောက်အောင်ဝင်သွားခဲ့သည်။

မေရောက်သွားချိန်မှာ ပန်းစည်းကရောက်နေခဲ့ပြီ၊ စားပွဲ ပေါ်မှတင်ထားသော ပန်းစည်းကို သူကဝင်လာသည်နှင့် ပန်းအိုးတစ်အိုးထဲသို့၏ ဖျတ်ခနဲထိုးလိုက်လေသည်။မေကမျက်ခုံးကလေးပင့်ကာ ...

'အဲဒါဘယ်ကပန်းစည်းလဲမောင်' ဟုအမှတ် မထင်ဟန်ဖြင့် မေးလိုက်ရာသူက တစ်ချက်ရယ်လျက်

'ဘယ်ကမှမဟုတ်ပါဘူးကွာ၊ ကိုယ်ဝယ်လာတာပါ၊ ဒီနေ့မော်ဒယ်လ်တစ်ယောက် ဓာတ်ပုံရိုက်ရင် အဲဒီ ပန်းစည်းနဲ့ရိုက်မလို့ပါ'

သူဖြောင်လိမ့်လိုက်သောကြောင့် မေပိုအောင့်မျက်သွားလေသည်၊ သူဘာဖြစ်လို့အဲဒီလိုလိမ်ရတာလဲ၊ ဒီပန်းစည်းကို အမည်မဖော်သူမိန်းကလေးတစ်ယောက်က ပို့ပေးနေတယ်ဆိုတာ သူဘာဖြစ်လို့မေ့ကို ဖြောင့်ဖြောင့်မှန်မှန်ဖွင့်မဝန်ခံရဲရတာလဲ၊ မေသည် ချက်ချင်းပင် ဝမ်းနည်းနာကျင်ကာ အိမ်သို့ပြန်ခဲ့လေသည်။

စတုတ္ထမြောက်အပတ်တွင်လည်း သူ့ဆီသို့ပန်းစည်းလေးပို့စေခဲ့ပြန်သည်၊ သူ့ထံမှ မေ့ကိုထူးထူးခြားခြား ဘာမှမပြောခဲ့ချေ၊ မေသည် အပြင်မှနေ၍ သူ၏ရုံးခန်းဆီသို့အသံဖျက်၍ ဖုန်းလှမ်းခေါ်လိုက်သည်။

ဟဲလို. သူဖုန်းလာထူးချိန်တွင် မေ့ရင်ထဲတလှပ်လှပ် တုန်လာခဲ့သည်၊ မေ့အသံကိုမေမှန်းမမှတ်မိအောင်အသံ တိုးတိုးအက်အက်ကလေးဖြစ်အောင်ဖျက်လျက်....

'ကိုမဟော်လားဟင်။ပန်းစည်းတွေရသလားလို့'

'ဩော် ကိုယ့်ဆီပန်းစည်းတွေပို့ပေးနေတာ မင်းလား၊ မင်း ဘယ်သူလဲ၊ ကိုယ့်ဆီကိုဘာဖြစ်လို့ပန်းစည်းတွေပို့နေတာလဲ'

သူ၏အသံက နွေးထွေးကာ ချိုမြနေသည်၊ မေသည် စိတ်ထဲမှာ တင်းကျပ်သွားသော်လည်း အသံတိုးတိုးချိုချိုကလေးဖြစ်အောင်ဖန်တီးရင်း

'ကိုမဟော်ရယ် ပန်းစည်းပို့ပေးပါတယ်ဆိုမှ စိတ်ဝင်စားတဲ့ အမှတ်အသားပေါ့၊ ဘယ်မိန်းကလေးက ယောကျ်ားတစ်ယောက်ဆီကို အားအားယားယားပန်းစည်းပို့ပေးပါ့မလဲ၊ ကိုမဟော်ဒီနေ့တီရှပ်အနက်ရောင် ကလေးဝတ်ထားတယ် မဟုတ်လား'

'အင်း ဟုတ်တယ်၊ မင်းဘယ်လိုလုပ်သိတာလဲ။ ကိုယ့်ကို မင်းသိလား'

'သိပ်သိတာပေါ့၊ ဒီလောက်နာမည်ကြီးတဲ့ ဏုသအသါမစ္စနမ ပဲဥဏာ.မေကခပ်သဲ့သဲ့ကလေးပြောလိုက်

လျှင်သူက ကြည်နူးပီတိဖြာသွားသော အသံဖြင့် တဟင်း ဟင်းရယ်မောနေလေသည်၊

မေသည် စိတ်ထဲကနေ ယောကျ်ားကိုကျိန်ဆဲမိလေသည်၊ ကြည့်စမ်းယောကျ်ားတွေများဘယ်လောက်သစ္စာမရှိလိုက်သလဲ၊ မိန်းမကွယ် ရာမှာ လစ်လျှင်လစ်သလိုသာယာမှုရှာနေလိုက်တာ၊

'ဒါနဲ့ မင်းဘယ်မှာနေတာလဲ၊ ဓာတ်ပုံတွေဘာတွေရိုက်ဖို့ ဝါသနာမပါဘူးလား၊ ကိုယ်ရိုက်ပေးမယ် လေ၊ ကိုယ့်အကြောင်းကိုသိတယ်မဟုတ်လား'

'သိတာပေါ့၊ တကယ်လာရမှာလား'

'လာခဲ့ပါ၊ ကိုယ်ရိုက်ပေးမှာပေါ့၊ ဒါနဲ့မင်းက ချောလားဟင်'

'ဟီး ဟီး၊ ကိုယ့်ကိုယ်ကိုယ်မို့ ပြောတာမဟုတ်ဘူးနော်၊ ကျွန်မကိုလှတယ်လို့လူတိုင်းက ပြောကြတယ် သိလား'

'အဲဒါဆိုလာခဲ့လေ၊ မင်းရဲ့ပုံတွေ ကမ္ဘာကျော်သွားအောင် ကိုယ်ရိုက်ပေးမှာပေါ့'

မေ့ယောကျ်ားအသံမှာ ချိုမြနွေးထွေးလျက် ရှိလေသည်၊ မေသည်အသံမထွက်အောင် စိတ်ထဲကနေ အကျယ်ကြီးတောက်ခတ်ပစ်ရင်း အံတင်းတင်းကြိတ် မိလေသည်၊ တစ်နေ့နေ့ပေါ့လေ လာခဲ့မယ်သိလားဟုပြောပြီး ဖုန်းကိုချပစ်လိုက်သည်။

ထိုအကြောင်းကို ညနေအိမ်ပြန်လာသောအခါယောကျ်ားဖြစ်သူများ ဖွင့်ဟဝန်ခံမလားလို့မေ မျှော်လင့်မိသေးသော်လည်း သူကတစ်ခွန်းမှမဟချေ၊

(င)

အဲဒီလိုနှင့်မေသည်အပတ်တိုင်းသူ့ဆီသို့ ပန်းစည်းကလေးတွေ။ ရုပ်အင်္ကျီကလေးတွေ။ ပုဆိုးကလေးတွေ့ ပို့ပို့ပေးလေသည်၊ အဲဒီပစ္စည်းတွေများ အိမ်ကိုသူယူလာမလားဟု မျှော်လင့်ကာ မသိမသာစောင့် ကြည့်သော်လည်း ကိုယ့်ယောကျ်ားကထိုပစ္စည်းတွေကို အိမ်သို့ယူမလာဘဲ သူ၏ရုံးခန်းမှာပင် ပိပိရိရိဖွက်ထားခဲ့လေသည်၊

အဲဒါအပြင် မေသည်တစ်ပတ်လျှင်တစ်ကြိမ် ပစ္စည်းကလေးတွေပို့ပြီးတိုင်း သူ့ဆီကိုအသံဖျက်ကာ ခပ်ညုညုခပ်ချွဲချွဲ လေသံကလေးဖြင့် ဖုန်းမှန်မှန်ဆက် လေသည်၊ ယောကျ်ားလုပ်သူကလည်း ဖုန်းထဲမှာ တစ်ဖက်မိန်းကလေး အရည်ပျော်သွားမတတ်အချွဲကြီး ချွဲလျက်ရှိလေသည်။

မေသည်စိတ်ထဲမှနေ သူ့ကိုစိစိညက်ညက်ဖြစ်အောင် အမှုန့်ချေပစ်ချင်စိတ်ပေါက်လာခဲ့သည်၊ သူကအင်မတန်ဟန်ဆောင်ကောင်းလှပါသည်၊ မေ့ရှေ့မှာတစ်ချက်ကလေးမှ အမူအရာမပျက်ချေ၊ မေ့ကိုလည်း ခါတိုင်းလိုပင်အချစ်ဆုံးဟုပြောမြဲ၊ ကမ္ဘာပေါ်မှာ အလှဆုံးမိန်းမဟုမြှောက်မြဲပင်၊

မနေနိုင်တဲ့တစ်နေ့မှာ မေသည် သူ့ကိုသွေးတိုး စမ်းသလိုမျိုးနှင့် 'မောင်ရယ် ကျွန်မကွယ်ရာမှာများ ရှင်မိန်းကလေး တစ်ယောက်ယောက်နှင့်ကျိတ်ပုန်းခုတ်နေသလားဟင်' ဟုမေးမိလျှင် သူကမျက်လုံးပြူး။ မျက်ဆန်ပြူးဖြင့် ကပျာကယာငြင်းဆန်လေသည်၊ .

'ဟာ ပေါက်ပေါက်ရှာရှာ မေရယ်၊ ကိုယ့်မှာ ဒီလောက်ချစ်စရာကောင်းတဲ့ ဇနီးချောအလှကလေး ရှိနေပြီပဲဟာ၊ ဘယ်မိန်းမမှ ကိုယ့်မိန်းမရဲ့ခြေဖျားကို တောင်မမှီဘူးသိလား၊ မေကလွဲပြီးဘယ်မိန်းမကိုမှ ကိုယ်ဂရုလည်းမစိုက်ဘူး၊ ကိုယ့်အလုပ်မှာ ဒီလောက် မိန်းမချော။ မိန်းမလှတွေများနေတာပဲ၊ ဒါပေမဲ့ ကိုယ် စိတ်မဝင်စားပါဘူးကွာ' ဟုပြောင်ပြောင်တင်းတင်းလိမ်နေသည်၊ မေသည်ကိုယ်အလိမ်ခံနေရတာကို သိသိကြီးနှင့်ကိုယ့်ရဲ့မိုက်မဲမှုဖြင့် ဆက်ခံနေရခြင်းဖြစ်သည်။

(စ)

အဲဒီလိုနှင့်မေ သူ့ဆီလက်ဆောင်ပစ္စည်းကလေးတွေ တစ်ပတ်တစ်ခါပို့ရင်း။ တစ်ပတ်တစ်ခါဖုန်းမှန်မှန်ဆက်နေခဲ့သည်မှာ သုံးလလောက်ကြာသွားခဲ့ပြီ၊

ဖုန်းထဲမှ သူ့ဆီကချစ်တယ်ဟုမပြောယုံတမယ် တရင်း တနှီးသောစကားတွေကိုလည်းကြားခဲ့ရပြီ၊ အပြင်မှာတွေ့ရအောင်ကွာ ဟု သူကစချိန်းလေ သည်၊ တွေ့တော့တွေ့ချင်ပါတယ် ကိုမဟော်ရယ်၊ ဒါပေမဲ့ ကျွန်မကသာတစ်ဖက်သတ်ချစ်နေရတာ၊ ကိုမဟော်မှာက အိမ်ထောင်ရှိတယ်လေ၊ အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်နဲ့ ကျွန်မဇာတ်လမ်းရှုပ်လို့ဘယ်ဖြစ်မလဲနော်၊ သူများအိမ်ထောင်ရေးကိုနှောင့်ယှက်ရာ ကျမှာပေါ့ ဟု မေက ပြောလိုက်လျှင် သူ့ဘက်မှအတော် ကလေးကြာအောင်တိတ်ဆိတ်သွားပြီး သက်ပြင်းတစ် ချက်ရှိုက်လေသည်၊ . ကိုယ့်မှာ အိမ်ထောင်ရှိတယ်ဆိုပေမယ့် ကိုယ့် မိန်းမနဲ့က သိပ်အဆင်မပြေပါဘူးကွာ၊ ကိုယ်တို့အိမ်

ထောင်ရေးက သာသာယာယာမရှိလှပါဘူး၊ ကိုယ့် မိန်းမက နည်းနည်းဆိုးတယ်ကွာ၊ ကိုယ့်အပေါ်မှာ သိပ်အနိုင်ယူဗိုလ်ကျချင်တယ်၊ ကိုယ်နဲ့မျက်နှာကြော တည့်လှတာမဟုတ်ဘူး၊ ပြီးတော့ စွာလည်းစွာတယ်၊ ဒေါသကလည်း အရမ်းကြီးတာ၊ သူတစ်ခါတစ်ခါ သောင်းကျန်းရင်ဝုန်းဒိုင်းကြဲနေတာပဲ၊ ကိုယ်လည်းစိတ်ညစ်တော့ တစ်ခါတလေအိမ်တောင်မပြန်ဖြစ်ပါဘူး၊ ကိုယ့်ရုံးခန်းမှာပဲအနေများတယ်၊ ကိုယ့်စိတ်ထင်တော့ ကိုယ်တို့အိမ်ထောင်ရေးဟာ သက်တမ်းမှရှည်ပါ့မလား မသိပါဘူးကွာ။ မေသည် သူ၏စကားကြောင့်တအံ့တသြ ရင်နာသွားလေသည်၊ မေ့ကိုချစ်လိုက်တာဟု တဖွဖွပြောသောမေ့ရဲ့ ယောကျ်ားကပြောလိုက်သော စကားမှဟုတ်ပါ့ရဲ့လားဟု မေမယုံနိုင်၊ မေ့အပေါ် အမြဲတမ်းသစ္စာရှိရှိ ချစ်နေလိမ့်မည်ဟု မေယုံကြည်ခဲ့သော မေ့ယောကျ်ားသည်မေ့ကွယ်ရာမှာမေရဲ့မကောင်း ကြောင်းကိုလုပ်ကြံပြောနေခဲ့သည်၊

မေသည် ရင်ထဲမှာပြင်းပြစွာနာကျင်လျက် အသံတိတ်ငို ကြွေးမိလေသည် ။

တကယ်ပြောတာပါနှင်းဆီရယ်၊ တစ်ခါတလေတော့ ကိုယ်လေကိုယ့်ကိုနားလည် နိုင်မဲ့မိန်းမတစ်ယောက်ရဲ့ရင်ခွင်ထဲမှာ အမောဖြေချင် မိတယ်သိလား၊ ကိုယ့်ဘဝကရင်မောစရာကောင်း တာ။ မေ့ယောကျ်ားကဆက်ပြောနေလေသည်၊ မေသည်သူ့ရဲ့စကားတွေကိုကြားတစ်ချက်။ မကြားတစ်ချက်၊ မေ့အပေါ်သူအဲဒီလောက်ရက်ရက်စက်စက် သစ္စာဖောက်လိမ့်မည်ဟု မေမထင်ခဲ့ချေ။

'ကောင်းပြီလေ၊ ကိုမဟော်တွေ့ချင်တယ်ဆို ကျွန်မတို့လူချင်းတွေ့ကြတာပေါ့၊ အခုလာမယ့် တနင်္ဂနွေနေ့ သမ္မတရုံမှာ ရုပ်ရှင်ကြည့်ရင်းတွေ့ကြမယ်လေ၊ ကျွန်မမှန်းသိသာအောင်မိုးပြာရောင်ဝမ်း ဆက်ကလေးဝတ်ခဲ့မယ်၊ ပြီးတော့ လက်ထဲမှာနှင်းဆီ ပန်းအဖြူတစ်ပွင့်ကိုင်ထားမယ်လေ၊ ကိုမဟော်က ဘာအရောင်ဝတ်လာမှာလဲ '

'တကယ်လားနှင်းဆီ၊ နှင်းဆီကိုယ်နဲ့တကယ် တွေ့တော့မယ်ပေါ့လေ၊ အိုကေ ကိုယ်လာခဲ့မယ်၊ ကိုယ်လည်းနှင်းဆီနဲ့ဆင်တူမိုးပြာရောင် ရှပ်အင်္ကျီဝတ်ခဲ့မယ်၊ ဘောင်းဘီကတော့ဂျင်းဘောင်းဘီပဲပေါ့၊ ဘယ်နှစ်နာရီတွေ့ကြမလဲဟင် '

'၁၂နာရီအတိမှာ ရုပ်ရှင်ရုံရှေ့မှာဆုံမယ်လေ၊ ဒါပဲ နော် '

ဟုပြောကာမေကဖုန်းကိုချလိုက်လေသည်၊

ယောကျ်ားတစ်ယောက်သစ္စာ မရှိမှုကို သိပြီးတဲ့နောက်မှာ မေဘာများဆက်လုပ်ရမည်နည်း၊ မေသူ့ကိုပညာပြချင်လှသည်၊

(ဆ)

တနင်္ဂနွေနေ့ မနက်ကတည်းက သူကလေကလေးတချွန်ချွန်ဖြင့် သီချင်းကလေးငြီးနေခဲ့သည်၊ မေက သူ့ကိုမသိမသာအကဲခတ်လျက်...

'ဒီနေ့ မောင်၂အကိုသေ မှာပဲရှိမှာလားဟင်၊ မေလိုက်ခဲ့မလို့ဟုပြောလိုက်လျှင် သူကသိသိသာသာ မျက်နှာပျက်သွားကာ 'ဟာမလိုက်ခဲ့နဲ့မေ၊ ဒီနေ့ ကိုယ်အောက်ဒိုးထွက်ရိုက်ရမှာ၊ မေ ပင်ပန်းလိမ့် မယ်၊ မောင့်မိန်းမ အလှပဂေးလေးအိမ်ထဲမှာပဲနေပါကွာ၊ အပြင်မှာ နေပူကပူနဲ့ မေ့အသားလေးတွေ မည်းကုန်ပါ့မယ် '

'အို မရဘူး၊ အောက်ဒိုးဆိုလည်းမေလိုက်ခဲ့မှာပဲ '

မေသည် သူ့ကိုသွေးတိုးစမ်းကာ ဆက်ရစ်နေ ပြန်သည်၊ သူ၏မျက်နှာက ဟန်မဆောင်နိုင်လောက် အောင်ပျက်လာပြီး 'မေကလည်းကွာ ဂျီကျစရာမရှိ ကြဲဖန်ဂျီမကျစမ်းပါနဲ့၊ ကိုယ်အလုပ်သွားလုပ်မှာ၊ အပျော်သွားမှာမှမဟုတ်တာ '

'သေချာလို့လား၊ ရှင်မိန်းမတစ်ယောက်နဲ့သွားမတွေ့ဘူးလို့ ဘယ်သူက သေချာအာမခံနိုင်မလဲ '

မေ့စကားကြောင့်သူအရှိုက်ထိသွားသလိုဖျတ်ခနဲငြိမ်သွားလေသည်၊ 'မေကလည်းကွာ၊ ကိုယ်ဘယ်နှခါပြောရမလဲ၊ ကိုယ့်ဘဝမှာမေကလွဲပြီး တခြားဘယ်မိန်းမကိုမှစိတ်မဝင်စားပါဘူးဆို၊ အခုကိုယ်မော်ဒယ်လ်တစ်ယောက်ကိုဓာတ်ပုံသွားရိုက်ပေးရမှာ၊ အဲဒါလည်းမိန်းမတစ် ယောက်တော့ မိန်းမတစ်ယောက်ပဲပေါ့၊ ဒါပေမဲ့ ကိုယ်အလုပ်သွားလုပ်မှာလေ၊ မေ့ကို မလိုက်စေချင်တာ မေ ပင်ပန်းမှာစိုးလို့ပါကွာ၊ မေကလိမ္မာပါတယ်နော်၊ အိမ်မှာပဲ အေးအေးဆေးဆေးနားနေခဲ့လေ၊ ကိုယ် အလုပ်စောစောပြီးတာနဲ့ ပြန်လာခဲ့မယ်၊ ညကျရင် တစ်ခုခုထွက်စားကြတာပေါ့၊ ဟုတ်လား၊ မောင့်မိန်းမ

ကလိမ္မာပါတယ်ကွာ'

သူကမေ့ခေါင်းကို ဖွဖွသပ်ရင်း ချော့မော့နှစ်သိမ့်ကာ မိုးပြာရောင်ရှပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီနက်ပြာစိုစိုကိုဝတ်ကာ ခေါင်းကိုဂျဲလ်ဖြင့် နက်မှောင်ပြောင်လက်နေအောင်သူဖြီးကာ ထွက်သွားလေသည်၊

မေသည် အလိမ်ခံနေရသည်ကို အသည်းဆတ် ဆတ်ခါအောင်နာကြည်းလာသည်၊ တကယ်တော့မေ မှားခဲ့ခြင်းဖြစ်သည်၊ ယောကျ်ားတစ်ယောက်ဆီက သစ္စာ ရှိမှုနှင့် အချစ်တွေကိုမေ လောဘတကြီးမျှော်လင့်ခဲ့မိသည်ကိုက မေ့အမှားဖြစ်သည်၊ သူထွက်သွားပြီး မကြာခင်မှာမေသည် မိုးပြာရောင်ဝမ်းဆက်ဝတ်စုံ ကလေးကိုဝတ်လျက် လက်ထဲမှာ နှင်းဆီဖြူတစ်ပွင့်ကိုင်လျက်သမ္မတရုံရှေ့သို့တက္ကစီဖြင့်ထွက်ခဲ့လေသည်၊

မေ့ကိုမြင်သောအခါဖြစ်ပျက်သွားမည့် သူ့ရဲ့မျက်နှာကို မေမြင်စမ်းချင်လှသည်၊ ယောကျ်ားဆိုတာမျိုးဟာ အတောင်ပံသာရှိခဲ့လျှင် မိုးအဆုံး မြေအဆုံး ပျံချင်တိုင်းပျံသန်းကြမယ့်လူတွေကြီးပဲလေ ။ ။